# အကျဉ်းအကျယ် ငြင်းပယ်လို့ မပြချင်ဘူး

ဉာဏ်ဦးမောင်



ကျနော်နေထိုင်ရာ အခန်းလေးဟာ အမေရိကန်လူနေမှုအဆင့်အရဆိုရင် လူသားတစ်ယောက်နေထိုင်ရန်အတွက် အလွန်ကျဉ်းမြောင်း ကျပ်တည်းလွန်းတဲ့ အခန်းလေးတစ်ခန်းသာဖြစ်တယ်။ အလျားက (၁၁)ပေ၊အနံက (၅)ပေ (၁၀) လက်မမျှသာဖြစ်တယ်။ အခန်းထဲကိုဝင်ဖို့ ဝင်ပေါက်တစ်ပေါက်နဲ့ လမ်းဘက်ကိုမျက်နှာမူထားတဲ့ ပြတင်းတံခါးလေး တစ်ခုသာပဲရှိတယ်၊ အခန်းလေးထဲကိုဝင်ဖို့ အခန်းကျယ်တစ်ခုကို ဖြတ်ရတယ်၊ ဒီအခန်းကျယ်ထဲမှာ အကြောင်းတစ်ခု ခုရှိခဲ့ရင် အခန်းလေးထဲကိုဝင်ဖို့ အခက်အခဲဖြစ်တတ်ပါတယ်၊ ကံအားလျော်စွာ ပြတင်းတံခါးလေးရဲ့ ဟိုမှာဘက်မှာ ဝရန်တာလေးတစ်ခုရှိနေခဲ့တယ်၊ ဒီဝရန်တာလေးဟာ တခါတရံအလွန်အသုံးဝင်တယ်၊ ဉပမာ အခန်းကျယ်ထဲက ဖြတ်ဖို့ခက်ခဲတဲ့အခါမျိုးမှာပေ့ါ၊ ဒီအခါမျိုးမှာဆို ပြတင်းတံခါးလေးက ဝင်ပေါက်ထွက်ပေါက်ဖြစ်လာပြီး ဝရန်တာလေး က တံတားလေးတစ်ခုဖြစ်လာတတ်တယ်၊ အဲဒီလို ကောင်းကွက်ကောင်းလက်လေးတွေရှိနေသော်ငြား ခြုံပြောရရင် အခန်းလေးဟာ လွတ်လပ်တဲ့သူ ကျယ်ပြန့်မှုကိုမြတ်နိုးသူ လူသားတစ်ဦးအတွက် ကျဉ်းနေတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် အခန်းလေးနှယ် ကျဉ်းပဲကျဉ်းနိုင်ကောင်းလားရယ်လို့ တစ်ခါမှ အခန်းလေးကို အပြစ်မဆိုမိပါဘူး။ အပြစ်ဆို ဖို့လည်း မသင့်ပါဘူး။ တကယ်တော့ ခုလိုဖြစ်နေရတာကလည်း အခန်းလေးရဲ့ မှားယွင်းမှုမှ မဟုတ်တာကလား။

ဒီအခန်းလေးဟာ မူလက လူနေခန်းတစ်ခုမဟုတ်ခဲ့ပါဘူး၊ ကျနော်တို့ ဒီနေရာကိုရောက်လာတော့ အဆောက်အဦ တစ်ခုလုံးရဲ့ အကျယ်ဆုံးလည်းဖြစ်၊ ပင်မအိပ်ခန်းလည်းဖြစ်တဲ့အခန်းကို အများသုံးနေရာတစ်ခုအဖြစ် ပြောင်းလဲခဲ့ တယ်၊ ဒီတော့ ဒီအကျယ်ဆုံးအခန်းနဲ့တွဲထားတဲ့ မူလကရေချိုးခန်းကို လူတစ်ယောက် ဝင်ရောက်နေဖို့လုပ်ခဲ့တယ်၊ ဒီနောက်တော့ ခုလို ကျနော်နေထိုင်ရာ အခန်းလေးဖြစ်လာတယ်။

လူနေခန်းမဟုတ်တဲ့အခန်းကို လူကဝင်နေတာမို့ အခန်းလေးကျဉ်းမြောင်းနေခြင်းဟာ အခန်လေးမှာ လုံးဝတာဝန် မရှိပါဘူး။ လူနေခန်းမဟုတ်တာကို လူနေခန်းတစ်ခုလိုဖန်တီးပြီး ဝင်ရောက်နေထိုင်ခဲ့တဲ့ ကျနော်ရဲ့ မှားယွင်းမှုသာ ဖြစ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ညှာတာလိုလို့ ဒါဟာမှားယွင်းမှုတစ်ခုလို့ မဆိုချင်လျှင်တောင် ချွတ်ချော်မှုတစ်ခုသာဖြစ် တယ်လို့တော့ ဆိုနိုင်မှာပါ၊ ဒီတော့ ကျဉ်းမြောင်းကျပ်တည်းမှုကို သဘောမကျလို့ အပြစ်တင်မယ်ဆိုရင် ကိုယ့်ကိုယ် ကိုသာ ပြစ်တင်စကားဆိုရလိမ့်မယ်။ ကျပ်တည်းတဲ့နေရာထဲကို ဝင်ရောက်နေရာယူခဲ့တဲ့ ကိုယ်သာလျှင် ကိုယ့်တာဝန်

ကို ယူရလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ်လှည့်စားဖုံးကွယ်လိုလို့ ကိုယ့်တာဝန်ကို ကိုယ်မယူရဲလို့သူတစ်ပါးတွေ၊သို့မဟုတ် အခြားအရာတွေအပေါ် အပြစ်ပုံချခြင်းဆိုတာ သူယုတ်မာတို့ရဲ့လုပ်ရပ်သာဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်ပြန်လည် နားလည်ဖို့လိုတယ်။

နောက်ပြီးတော့လည်း ကျနော့်အခန်းလေးဟာ သူ့တာဝန်အလွန်ကျေပါတယ်၊ တစ်ခုတည်းသောပြတင်းတံခါးလေးက နေပြီး အခန်းရှေ့လမ်းမကျယ်ပေါ်မှာ ဖြတ်သန်းသွားလာတတ်သူတွေကို စူးစမ်းလို့ရတယ်၊ ဥဒဟိုပြေးလွှားနေတဲ့ ရောင်စုံကားလှလှတွေကိုလည်း ငေးနေလို့ရတယ်၊ ဒီထက်ပိုပြီး အခန်းလေးရဲ့အဓိပ္ပါယ်ရှိမှုကတော့ ပြင်ပကမ္ဘာရဲ့ ရောင်စုံမြင်ကွင်းတွေကို မျက်စိရှေ့အရောက်သယ်ဆောင်လာဖို့ ရောင်စုံရုပ်မြင်သံကြားစက်သေးသေးတစ်လုံးကို ထည့်ထားလို့ ရနိုင်ခြင်းပဲဖြစ်တယ်၊ နောက်ပြီး ဆုံလည်ကုလားထိုင်တစ်လုံးပေါ် ဇိမ်ကျကျထိုင်ပြီး ကမ္ဘာကြီးကို အားရပါးရချောင်းကြည့်နိုင်ဖို့ အမျိုးအစား သိပ်ပြီးမကောင်းပေမယ့် အင်တာနက်ဆက်ထားတဲ့ လက်ဆွဲကွန်ပြူတာ တစ်လုံးကိုလည်း စားပွဲသေးသေးတစ်လုံးပေါ်မှာ တင်ထားလို့လည်း ရနိုင်သေးတယ်၊ သိစရာအားလုံးနီးပါးကို ခပ်တုံးတုံး ဦးကျောက်ထဲမှာ မတန်မရာ ဖိနှိပ်ထည့်သွင်းထားလိုတဲ့ ကျနော်အတွက်တော့ ကျနော့်ရဲ့ဒီကွန်ပြူတာလေးကို ထည့်ထားနိုင်ခြင်းဟာ သိကြားမင်းဖန်တီးပေးထားတဲ့ လိုတရ လက်ဆောင်ထက်တောင် သာလွန်တယ်လို့ထင်မိတယ်၊ ဘုရားပေးထားတဲ့ လက်ဆောင်မွန်တစ်ခုဖြစ်တယ်လို့ဆိုရင် ပိုရန်ကောလို့ ပြောချင်ကြမလားပါပဲ။

အများကြီးမလိုချင်တဲ့ကျနော့်တွက် ဟောဒီအင်တာနက်ဆက် ကွန်ပြူတာတစ်လုံးဟာ လိုတာထက်အောင် ပိုများနေတယ်လို့ဆိုနိုင်တယ်၊ သို့ပေမယ့် ဒီအပိုကတော့ ကျနော့်အဖို့ လိုအပ်မှုတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုလည်းပဲ ဖြစ်တယ်၊တကယ်လို့သာ နေရာကလေးက ကျဉ်းကျပ်ရတဲ့အထဲမှာမှ ပြင်ပကမ္ဘာရဲ့မြင်ကွင်းကို အရယူနိုင်ဖို့ ခေတ်ပေါ် ဆက်သွယ်ရေးကိရိယာတစ်ခု မရှိခဲ့ဘူးဆိုလျှင်ဖြင့် ဘဝဆိုတာ ပို၍ပို၍အမှောင်ထဲမှာ နေနေရသလိုသာ ဖြစ်ပေလိမ့်မယ်။ သေချာပါတယ်၊ ကျနော့်အခန်းကျဉ်းလေးဟာ ကျနော့်ဘဝရဲ့အရေးကြီးဆုံးအရာတစ်ခု မဟုတ်ခဲ့လျှင်တောင် ကျနော့်အဖို့ အရေးပါတဲ့အရာတွေထဲက တစ်ခုပဲဆိုတာကိုတော့ အခိုင်အမာပြောလို့ ရနိုင်ပါတယ်၊ အခန်းကျဉ်းလေးရေ၊ ကျေးဇူးပါကွာ။

ဒါပေမယ့် အခန်းကျဉ်းလေးထဲမှာ နေထိုင်တာကြာလာလို့လားတော့ မသိဘူးပေါ့၊ အကျဉ်းအကျပ်တွေ၊ မလွတ်လပ်မှုတွေအကြောင်းကိုတော့ မကြာမကြာ စဉ်းစားမိတတ်တယ်၊ပြောရရင် အိပ်မက်မက်တာတောင် အကျဉ်းအကျပ်တစ်ခုခုအကြောင်း ပါဝင်နေတတ်တယ်၊ အဟုတ်ပါပဲ၊ တကယ်လက်တွေ့ အကျဉ်းအကျပ်ရင်ဆိုင်ရတာကို မပြောနဲ့ဦး၊ အကျဉ်းအကျပ်ဆိုတဲ့စကားလုံးကို ကြားရတာကိုကပဲ မွန်းကျပ်သလို ခံစားမိတယ်၊ အသက်ရှူရ မဝသလိုဖြစ်မိတယ်။ နောက်ပြီး မျက်စိထဲမှာလည်း အလွန်မြင့်မားတဲ့နံရံကြီးတွေ၊ သံဆူးကြိုးတွေ၊ ခြေကျင်းတွေ၊ လက်ထိပ်တွေ၊ ကန့်သတ်ချုပ်ချယ်မှုတွေကို မြင်ယောင်မိတယ်။ ပိတ်နေတဲ့မျက်စိတွေ၊ ပင်းနေတဲ့နားတွေနဲ့ လှုပ်ရှားနေကြတဲ့ လူသားတွေရဲ့ဝကိုလည်း စိတ်ထဲမှာပေါ်လာတယ်၊ ပြောချင်လျက် မပြောရ၊ ကြားချင်ပါလျက် ကြားခွင့်မရ၊ မြင်လိုပါလျက် ကြည့်ခွင့်မရတဲ့ ဘဝမျိုးဟာ ဘယ်လောက်စိတ်နောက်ကျဖွယ်ကောင်းပါသလဲ။ မျက်စိ နားနဲ့စိတ်တံခါးတွေဖွင့်ထားပါမှ ရလာနိုင်မည့် အသိဉာဏ်တရားဆိုတာကို အဲဒီတံခါးတွေအပိတ်ခံထားရလျှင်ဖြင့် ဘယ်နေရကနေများ အသိဉာဏ်တရားက ဝင်ရောက်လာနိုင်မှာပါလိမ့်၊ အသိဉာဏ်မဲ့လူသားတွေနဲ့တည်ဆောက်ထားတဲ့ လူသားအဖွဲ့အစည်းတစ်ခုဆီကနေကော ဘယ်လိုရလဒ်ကောင်းတွေကို မျှော်လင့်နိုင်မှာပါလိမ့်၊အနာဂတ်ပျောက်နေတဲ့ လူသားတစ်ယောက်အဖို့ ဘဝဖြစ်တည်ရှင်သန်နေရမှုအဓိပ္ပါယ်ရော ရှိသေးတာမှ ဟုတ်ပါလေစ။

တချို့ကတော့ နေရာကျယ်ကျယ်မှာ နေခွင့်ရနေပါရဲ့၊ သို့ပေမယ့် အဲဒီကျယ်ပြန့်တဲ့နေရာမှာ နေရခြင်းကြောင့် ရလာတဲ့ လွတ်လပ်ခြင်းရဲ့တန်ဖိုးကို နားမလည်လေတော့ ကိုယ့်ကိုယ်ကိုယ် မလိုအပ်တဲ့အရာတွေနဲ့ ပြန်လည်ချည်နှောင်တတ်ကြတယ်၊ ကျနော်တို့မှာ လူသားတစ်ယောက်ရယ်လို့ဖြစ်လာကတည်းကိုက မလိုချင်ပေမယ့် သဘာဝက သတ်မှတ်ထားတဲ့ ဥပဒေသတွေကို လက်ခံကြရတယ်၊ နောက်ပြီး ကိုယ်နေထိုင်ရာလူ့ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ လောကဥပဒေသတွေကိုလည်း လိုက်နာရတယ်၊ ပြီးတော့ စာရွက်ထဲမှာရေးသားမထားတဲ့ ယဉ်ကျေးတဲ့လူ့အဖွဲ့က

လက်ခံထားတဲ့ စည်းကမ်းတွေကိုလည်းလိုက်နာရတယ်၊ ဒီအထဲကမှ အင်အားကြီးတဲ့ပုဂ္ဂိုလ်အချို့ရဲ့ သူတို့အကျိုးစီးပွားကို ကာကွယ်လိုလို့ မတရားသတ်မှတ်ထားတဲ့ နည်းလမ်းမကျတဲ့ ဥပဒေဆိုတာတွေကိုလည်း နာကျည်းစွာနဲ့ လိုက်နာရပြန်တယ်။

ပြောခဲ့သလို အမျိုးမျိုးအထွေထွေသော လိုက်နာစရာ စုံစီနဖာ စည်းကမ်းဥပဒေသတွေပေါ်မှာ အကြောက်တရားကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ကွပ်ညှပ်ထားတဲ့ အကြောက်ဥပဒေသတွေကို ထပ်လောင်းလိုက်ပြန်လေတော့ နေစရာ ပြောစရာ တွေးစရာ မရှိလောက်အောင်ကိုပဲ ကြောက်ရွံ့မှု ပိုကြတာကို တွေ့တွေ့နေရတယ်၊ တစ်ခုခုကို ရလိမ့်နိုးနိုး မျှော်ကိုးလောဘ အနုန္တကြောင့် ကြောက်ကြရတဲ့အကြောက်တရားမျိုးကိုလည်း ခေတ်သစ်လူ့အဖွဲ့စည်းမှာ ထင်ထင်ရှားရှားတွေ့လာရတယ်၊ ဒီအကြောက်မျိုးကိုတော့ လူကြီးလူကောင်းအကြောက်လို့ ပြောလို့ရနိုင်မယ်ထင်တယ်၊ လောကုတ်လောကီဂုဏ်ကြီးသူတွေ၊ နာမည်ကျော်ကြားထင်ရှားသူတွေ ကြောက်ကြတဲ့အကြောက်တရားဖြစ်တာကြောင့်ပါပဲ။ အဲ . . သို့ပေမယ့် ဒီလိုပုဂ္ဂိုလ်ကြီးများကတော့ မိမိတို့အကြောက်တရားကို အများအတွက် အကျိုးများရေးဆိုပြီးတော့လည်း ကြွေးကြော်တတ်ကြတယ်၊ နောက်ပြီး မလုံမလဲ လျောက်လဲချက်အမျိုးမျိုးနဲ့ ဝေ့ဝိုက်စကား ဆိုတတ်ကြတယ်၊ ဘယ်လိုပဲအကြောင်းပြပြ အကြောက်ဟာ အကြောက်သာဖြစ်တယ်။

တကယ်ဆို အကြိုက်ကိုချည်းလိုက်နေရခြင်းဟာ အကျပ်ကို ဖြစ်စေနိုင်တတ်သလို အကြောက်တရားဆိုတာကလည်း အကျပ်ကို လက်ယပ်ခေါ်သလို ဖြစ်တတ်တာမျိုးပါပဲ၊ ဒါကြောင့် အကျဉ်းကို မလိုချင်လျှင်တော့ အကြိုက်ကိုလိုက်နေတာမျိုးချည်း မဖြစ်ဖို့လိုသလို အကြောက်ကိုလည်းရှောင်ဖို့ လိုပေလိမ့်မယ်။ တကယ်တော့ အကြိုက်နဲ့အကြောက်ဟာ အကျဉ်း အကျပ်ရဲ့ ရှေ့ပြေးတမန်တော်တွေပါပဲ။ ကြိုက်လို့ကြောက်သည်ပဲဖြစ်စေ၊ ကြောက်လို့ကြိုက်သည်ပဲဖြစ်စေ နှစ်မျိုးလုံးကတော့ တွေဝေမိုက်မဲမှုသာဖြစ်တယ်။

ကျနော် ဒီအခန်းကျဉ်းလေးထဲ မရောက်မီက တစ်နေရာမှာ ဒီထက်အဆမတန်ကျယ်တဲ့ အခန်းတစ်ခုထဲ နှစ်ပရိစ္ဆေဒ တော်တော်ကြာကြာ နေခဲ့ဘူးတယ်၊ ဒီနေရာဟာ ကျနော့်ကို မွေးဖွားရာအရပ်လည်းပဲဖြစ်တယ်၊ နေခဲ့ရတဲ့အခန်းကြီးကတော့ကျယ်ပါတယ်၊ ဒါပေမယ့် ခက်တာက အဲဒီနေရာဟာ ပြင်ပကမ္ဘာကို ချောင်းကြည့်ဖို့ ပြတင်းပေါက်လေး တစ်ခုတလေတောင်မှ တပ်ဆင် မထားခဲ့ခြင်းပဲဖြစ်တယ်၊ ကျန်းမာစွာ အသက်ရှည်ဖို့ သန့်ရှင်းလတ်ဆတ်တဲ့လေ လိုအပ်တယ်ဆိုရင် ခုထိကျနော် ဘယ်လိုအသက်ရှည် နေနိုင်ခဲ့တာပါလိမ့်လို့ ပြန်လည်မစဉ်းစားတတ်အောင်ဖြစ်မိတယ်၊ ထိုစဉ်က ကျနော့်ရဲ့ ပထမထွက်သက်လေကလေးသာ ကျနော့်အဖို့ နောက်ဝင်သက်တစ်ခုဖြစ်ခဲ့တယ်၊ မွန်းကျပ်မှုဆိုတာတွေနဲ့ အသားကျစွာနေထိုင်တတ်လို့သာ ကျနော့်မှာခုလို ရှင်သန်နေနိုင်ခဲ့တာဖြစ်မယ်လို့ နောက်မှပြန်လည်စဉ်းစားမိတယ်၊ အဲဒီအရပ်ဟာ ကျနော့်လိုပဲ ကိုယ့်ဝင်သက်နဲ့ထွက်သက်ကို ပြန်ပြန်မျိုနေရတဲ့သူတွေ တော်တော်များများ နေထိုင်ကြတယ်၊

ကျနော်တို့နေထိုင်တဲ့ အဲဒီခန်းမကျယ်ကျယ်ရဲ့အပေါ်မှာ အမိုးတစ်ခုကို မိုးအုပ်ထားတယ်၊ အဲဒီအမိုးကတော့ တာလပတ်စ ထူထူတစ်ခုဖြစ်ဖို့များတယ်၊ အစိမ်းရောင်တောက်တောက်ဖြစ်နေတာကြောင့်ပါ၊ မိုးမစဉ် လေမခ နေခြည်မကျရလေအောင် ကွယ်ကာပေးတယ်လို့ ဆိုပါတယ်၊ ဒီတော့ ကျနော့်မှာ ညညများမှာ ပြိုးပြိုးပြက်ပြက်လင်းလက်တတ်တဲ့ ကြယ်လေးတွေကို ကြည့်ဖို့မဆိုထားနဲ့၊ ကြယ်စင်လေးတွေ ကောင်းကင်ယံမှာ ရှိနေတာကိုတောင်မှ မသိနိုင်ခဲ့ပါဘူး၊ အမိုးအပေါ်က ကောင်းကင်ယံမှာ ရောင်စုံတိမ်တိုက်တွေ လွင့်မျောနေတယ်ဆိုတာမျိုး၊ နံရံအပြင်က ဥယျာဉ်ထဲမှာ ရောင်စုံပန်းအလှတွေပွင့်နေတယ်ဆိုတာမျိုး၊ လမ်းမကျယ်ဘေးက သစ်ပင်ပေါ်မှာ ငှက်တွေတေးသီနေတယ်ဆိုတာမျိုးကို လုံးဝတွေးမထင်နိုင်ခဲ့ပါဘူး၊ ဒီတော့လည်း ကျနော့်အိပ်မက်ထဲမှာ တိမ်တိုက်တွေ၊ ပန်းပွင့်တွေ၊ ငှက်ငယ်တွေဆိုတာလည်း ဘယ်မှာလာပြီး ပါဝင်နိုင်ပါ့မလဲ၊ ဘယ်လောက်များ ပျင်းရိဖွယ်ကောင်းလိုက်စရာ့ အိပ်မက်ဖြစ်မယ်ဆိုတာ မှန်းဆပြီးသိနိုင်မှာပါ။

ကို့ယို့ကားယား မကြာမကြာ အငြင်းပွားတတ်တဲ့ လူတစ်စုက သူတို့မှာတာဝန်တွေများလှတယ်လို့ဆိုတယ်၊ နေ့ည မအား၊ နားရတယ်မရှိဘူးလို့လည်းဆိုပါတယ်၊ သူတို့ပြောတာ ဟုတ်တော့လည်းဟုတ်တယ်၊ ကင်းခြေများတစ်ကောင် ခြေထောက်တစ်ချောင်းကျိုးသွားလို့ အစားထိုးရာမှာလည်း သူတို့ပါမယ်၊ ဇီးကွက်လေးတွေနေဖို့ အသိုက်မြုံခပ်ညံ့ညံ့ တစ်ခုဆောက်ရာမှာလည်း သူတို့ရှိနေလိမ့်မယ်၊ လက်ချောင်းတွေဆုံစည်းရာ သာလာယံဇရပ်လို နေရာမျိုးတောင် မှပဲ မဆိုင်လှစွာ သူတို့တွေကို တွေ့ရလိမ့်မယ်၊ ဒီတော့လည်း တာဝန်တွေက များသပေ့ါ၊သို့ပေမယ့် သူတို့တွေ အစား အသောက်တော့ မပျက်ပါဘူး၊ မြင်မကောင်းအောင်ဖောင်းကားနေတဲ့ သူတို့ရဲ့အသွင်သဏ္ဍာန်ဟာ သာမန်သူတွေအဖို့ စက်ဆုတ်ဖွယ်ရာ မသတီစရာဖြစ်လို့နေတယ်၊ ခုလိုစားသောက်နေခြင်းကိုလည်းပဲ သူတို့ရဲ့ များလှတဲ့တာဝန်တွေထဲ မှာ ထည့်ထားဟန်ရှိတယ်၊ မပေးဘဲဝင်ယူခဲ့တဲ့တာဝန်တွေနဲ့အတူ မကျွေးဘဲစားတတ်ကြတဲ့သူတွေအကြောင်းကို ပြောရမယ်ဆိုရင် တစ်ထောင့်တစ်ညပုံပြင်တွေထက် ရှည်လျားသွားနိုင်တယ်၊ မယူသင့်ဘဲယူထားတဲ့ပစ္စည်းဆိုတာ မူလပိုင်ရှင်ကို ပြန်ပေးရလိမ့်မယ်၊ ယူသင့်တယ်ထင်လို့ ဘယ်သူမှမပေးဘဲ ယူခဲ့တာမျိုးဖြစ်လျင်တောင် အချိန်အကန့် အသတ်မရှိ ယူတာမျိုးမဖြစ်ဖို့လိုတယ်၊ ဒီလိုမှ မဟုတ်လျင်တော့ သူတစ်ပါးပိုင်ဆိုင်တဲ့ပစ္စည်းကို မတရားတိုက်ခိုက် သိမ်းထားတဲ့ ဓားပြဗိုလ်တစ်ဦးက ငါကမင်းတို့ပစ္စည်းတွေကို ထိမ်းသိမ်းစောင့်ရှောက်နေရတာမို့ ငါ့ကိုကျေးဇူးတင်ဖို့ လိုတယ်လို့ ပြောသလိုမျိုးဖြစ်နေတယ်၊ ဒီလို ကမောက်ကမ အချိုးမကျနလှတဲ့ ဖြစ်ရပ်အချို့ကို မြင်ရလို့လားတော့ မသိဘူးပေ့ါ။ ပြောခဲ့သလို ကျနော်ကတော့ ကျဉ်းမြောင်းလှတဲ့ ကျနော်နေထိုင်ရာ အခန်းကျဉ်းလေးကို ဘယ်တုံးကမှ အပြစ်မမြင် အပြစ်မတင်ခဲ့ပါဘူး၊ အဲ ကျနော်အလွန်တန်ဘိုးထားတဲ့ လွတ်လပ်ခြင်းရသနဲ့ ကမ္ဘာကြီးရဲ့ ပစ္စုပ္ပန်ကျကျ ဘဝကို ပြည့်ပြည့်ဝဝ ထာဝရမျှ ကြည့်ခွင့်ရအောင် ဖန်တီးပေးနိုင်လေတဲ့အချက်ကတော့ အပြစ်မမြင် ချစ်ခင်ဖို့အတွက် အဓိကအကြောင့်ရင်းတစ်ရပ် ဖြစ်ပါလိမ့်မယ်။

ဒီနေ့တော့ ဒီမှာနားပါဦးမယ်၊ ကျနော့်မှာပြောစရာတွေများပါတယ်၊ တကယ်လို့ ကျနော်ကိုယ်တိုင်က လွင်ပြင်ကျယ် ထဲမှာနေနေပါလျက် လွတ်လွတ်လပ်လပ် ဟစ်ကြွေးချင်တဲ့ တေးသီချင်းတစ်ပုဒ်ကို ပွင့်ပွင့်လင်းလင်း အော်ဟစ်ဖို့ စိုးရွံ့လာတယ်၊ ပြောချင်တဲ့တစ်စုံတစ်ခုကို အကြောင်းကြောင်းတွေရဲ့ လွှမ်းမိုးခံရမှုကြောင့် ပြောဖို့ကြောက်လာတယ် ဆိုလျင်တော့လည်း ကျနော့်မှာ ဆက်စရာစကား ကုန်သွားနိုင်မလားတော့ မသိဘူးပေ့ါ။ ။

November 17, 2004